Message Six

## ခရစ်တော်ရှေ့ရှုထားသော ဝမ်းမြောက်ခြင်းနှင့် ကျွန်ုပ်တို့ရှေ့ရှုထားသော ဝမ်းမြောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဟေဗြဲ၊၁၂း၂။ ကော၊၂း၁၅။ ဗျာ၊၁၉း၇-၉။ နေ၊၈း၁၀

**I. ကျွန်ုပ်တို့၏ယုံကြည်ခြင်း လက်ရာရှင်နှင့် စုံလင်စေတော်မူသောအရှင် တည်းဟူသော သခင်ယေရှုသည် မိမိရှေ့ရှုထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ "ရှက်ကြောက်သောအရာကို မမှတ်ဘဲ၊ လက်ဝါးကပ်တိုင်၌ ခံ တော်မူခဲ့သည်"- ဟေဗြဲ၊၁၂း၂။**

A. သခင်ဘုရားသည် အသင်းတော်ကို ချစ်တော်မူ၍၊ သူမအဖို့ မိမိကိုယ်ကို ပေးအပ်တော်မူခဲ့သည် - ဧ၊၅း၂၅။

B. ကားတိုင်ပေါ်တွင် သခင်ဘုရားသည် အပြစ်များအတွက် လူများအပြစ်ကို ခံရန်၊ ယုံကြည်သူများအတွက်ကြောင့် မိမိကိုယ်ကို အပြစ်ဖြစ်စေရန်၊ ဤလောကကို အစိုးရသောမင်းကို ပြင်သို့ နှင်ထုတ်ရန်နှင့် ဤလောကကို တရားစီရင်ရန် မိမိကိုယ်ကို ယဇ် အဖြစ်လည်းကောင်း၊ ဘုရားဆိုင်ရာအသက်ကို လွတ်မြောက် စေခြင်းအတွက် သေခြင်းအထဲသို့ကျသော ဂျုံစပါးမျိုးစေ့အဖြစ် လည်းကောင်း ပူဇော်ခဲ့သည် - ဟေဗြဲ၊ ၉း၂၈။ ၁ပေ၊၂း၂၄။ ၂ကော၊၅း၂၁။ ယော၊၁၂း၃၄၊ ၃၁။

C. ကောလောသဲ ၂း၁၅သည် ခရစ်တော်၏ ကားတိုင်ပေါ်တွင် အသေခံသောအချိန်၌ ဖြစ်ပွားခဲ့သည့် စစ်ပွဲကို ဖော်ပြသည်။

1. ကိုယ်တော်၏ အသေခံခြင်း၌ ခရစ်တော်သည် ရွေးနုတ်ခြင်းကို ပြီးမြောက်ပြည့်စုံရန် လုပ်ဆောင်ခဲ့ပြီး၊ ခမည်းတော်ဘုရား သည် အပြစ်ကို စီရင်ရန် လုပ်ဆောင်ခဲ့သည်။

2. ထိုအချိန်မှာပင် အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များသည် ဘုရားသခင်နှင့် ခရစ်တော်၏ အလုပ်ကို နှောင့် ယှက်ဖို့ ကြိုးပမ်းအားထုတ်ရာတွင် အလုပ်များခဲ့ကြသည် - အငယ်၊၁၅။

3. အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များမှာ ဆိုးညစ်သော ကောင်းကင်တမန်များ၊ ကျဆင်းသွားသော ကောင်း ကင်တမန်များ ဖြစ်ကြပြီး၊ သူတို့သည် စာတန်အတွက် လုပ်ဆောင်ပေးသည့် လက်အောက်ခံများ ဖြစ်ကြသည် - ဧ၊၂း၂။

4. ဘုရားသခင်သည် အပြစ်ကို စီရင်နေစဉ်တွင်၊ ဆိုးညစ်သော အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များသည် အသေခံတော်မူသော ခရစ်တော်အနီးသို့ ရောက်ရှိနေပြီး အလွန်တက်ကြွစွာ လှုပ်ရှားလျက်၊ စုပြုံတိုး၍ အလွန်နီးနီး ကပ်ကပ် ဖိနှိပ်ထားခဲ့ကြသည် - ကော၊၂း၁၅။

   a. သူတို့သည် နီးနီးကပ်ကပ် မဖိနှိပ်ထားခဲ့လျှင်၊ ဘုရားသခင်သည် သူတို့အား ချွတ်ခွာနိုင်မည် မဟုတ် ပါ။

   b. "ချွတ်ခွာ" ဟူသော စကားလုံးက ကျွန်ုပ်တို့၏ကိုယ်ခန္ဓာနှင့် ကျွန်ုပ်တို့၏အဝတ်သည် ကပ်နေသကဲ့သို့၊ အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များသည်လည်း အလွန် နီးကပ်နေခဲ့ကြသည် ကို ညွှန်ပြသည်။

5. အထွတ်အမြတ် အုပ်စိုးခြင်းများနှင့် အာဏာစက်များကို ချွတ်ခွာခြင်း၌ ဘုရားသခင်သည် သူတို့အား ထင်ရှားစွာ ထုတ်ပြ၍ အရှက်ရစေကာ၊ ကားတိုင်၌ သူတို့အပေါ် အောင်ပွဲကို ခံတော်မူခဲ့သည် - အငယ်၊ ၁၅။

**II. ကျွန်ုပ်တို့ရှေ့ရှုထားသော ဝမ်းမြောက်ခြင်းမှာ မိမိကိုယ်ကို အဆင်သင့်ဖြစ်စေသော သတို့သမီးအတွက် ကြွလာမည့် သတို့သား တည်း ဟူသော သခင်ယေရှု ဖြစ်သည် - ဗျာ၊၁၉း၇-၉။**

A. သတို့သမီး၏ ကြီးရင့်ခြင်း - အငယ်၊၇-၉။ ဧ၊၄း၁၃-၁၅။

1. စုပေါင်းထားသော သတို့သမီး၏ အဆင်သင့်ဖြစ်ခြင်းမှာ အောင်မြင်သူများ၏ အသက်၌ ကြီးရင့်ခြင်းအပေါ်တွင် မူတည် သည် - ဗျာ၊၁၉း၇။ ဟေဗြဲ၊၆း၁။ ဖိ၊၃း၁၂-၁၅။ ဧ၊၄း၁၃။

2. ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံရရန် ကျွန်ုပ်တို့၏ ဇာတိအသက်၌ ဇီဝဖြစ်စဉ်ဖြင့် ပြောင်းလဲခြင်းခံရမည်ဖြစ်သည်၊ ကြီးရင့်ခြင်း ရှိရန်မှာ ကျွန်ုပ်တို့ကို ပြောင်းလဲစေသော ဘုရားဆိုင်ရာအသက်နှင့် ဖြည့်ခြင်းခံရန် ဖြစ်သည် - ဟေဗြဲ၊၆း၁။

B. သတို့သမီး၏ တည်ဆောက်ခြင်း - မ၊၁၆း၁၈။ ဧ၊၂း၂၁-၂၂။ ၄း၁၅-၁၆။

1. ဘုရားသခင်၏ တည်ဆောက်ခြင်းမှာ ဘုရားသခင် စိတ်နှလုံးတော်၏ အလိုဆန္ဒနှင့် ဘုရားသခင့် ကယ်တင်ခြင်း၏ပန်းတိုင် ဖြစ်သည် - ၁း၅။ ထွက်၊၂၅း၈။ ညွှန်း၊ ၁း၁၁။ ၄၀း၂-၃၊ ၃၄-၃၅။

2. သခင်ဘုရား ပြန်လည်ရယူခြင်း၏ ပန်းတိုင်မှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်နှင့် အရာခပ်သိမ်းအဖြစ် ပြန်လည်ရယူရန် ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် တည်ဆောက်ခံရနိုင်မည်ဖြစ်သည် - ဧ၊၃း၈။ ၄း၁၆။
3. ဘုရားသခင်၏ တည်ဆောက်ခြင်းမှာ သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထားသော ထင်ရှားခြင်း ဖြစ်သည် - ၁တိ၊၃း၁၅-၁၆။ ယော၊၁၇း၂၂။ ဧ၊၃း၁၉ခ၊ ၂၁။

C. သတို့သမီး၏ ဖြောင့်မတ်ခြင်း - ဗျာ၊၁၉း၇-၈။ မ၊၅း၂၀။ ၂၂း၁၁-၁၃။
1. ကျွန်ုပ်တို့၏ အတွင်းပိုင်း ဖြောင့်မတ်ခြင်းတည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အသက်အဖြစ် အသက်ရှင်ရန် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသောအရှင် ဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ရှိနိုင်ရန်နှင့် အမြဲတမ်း ဘုရားသခင်၏ လက်ခံဖွယ်ကောင်းသော အသက်တာရှိရန် ဖြစ်သည် - ၅း၆၊ ၂၀။
2. ဘုရားနှင့် လူ နှစ်ဦးလုံးနှင့် မှန်ကန်သော အသက်ရှင်ခြင်းမှာ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း၌ ဘုရားသခင်ကို ကျွန်ုပ်တို့၏ ထင်ရှားခြင်း ဖြစ်ရမည်ဖြစ်သည် - ၂ကော၊၃း၉။ ဧ၊၄း၂၄။ ကော၊၃း၁၀။
3. သူတို့၏ အတွင်းပိုင်း ဖြောင့်မတ်ခြင်းအဖြစ် သန့်ရှင်းသူများ ရှင်ထွက်သော ခရစ်တော်သည် သူတို့၏မင်္ဂလာဆောင် ဝတ်ရုံ ဖြစ်လာသည် - ဗျာ၊၁၉း၈။
4. မဿဲ ၂၂း၁၁-၁၃၌ မင်္ဂလာဆောင် ဝတ်ရုံသည် ကျွန်ုပ်တို့၏ သာလွန်ကောင်းမွန်သော ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့၏ နေ့စဉ် အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့မှ ရှင်ထွက်သော ခရစ်တော်၊ ကျွန်ုပ်တို့မှတဆင့် ထင်ရှားသော ခရစ်တော်ကို ပုံဆောင်သည် - မ၊၅း၂၀။ ဗျာ၊၃း၄-၅၊ ၁၈။

D. သတို့သမီး၏ လှပခြင်း - ဧ၊၅း၂၅-၂၇။
1. သတို့သမီးတည်းဟူသော အသင်းတော်သည် လှပခြင်းကို လိုအပ်သည်၊ ဖေက် ၅ ၌ လှပခြင်းမှာ သတို့သမီးကို တင်ဆက်ပြသခြင်းအတွက် ဖြစ်သည်။
2. သတို့သမီး၏ လှပခြင်းသည် အသင်းတော်အတွင်း၌ ပြုပြင်သော၊ အသင်းတော်မှတဆင့် ထင်ရှားသော ခရစ်တော်ထံမှ လာသည် - ၃း၁၇က။
   a. ကျွန်ုပ်တို့၏ လှပမှုမှာ ကျွန်ုပ်တို့အတွင်း၌ ခရစ်တော်၏ ထွန်းလင်းခြင်းမှ ဖြစ်သည်။
   b. ကျွန်ုပ်တို့၌ ခရစ်တော် လက်ခံသောအရာမှာ သူကိုယ်တော်တိုင်၏ ထင်ရှားခြင်း ဖြစ်သည်။

E. ဖေက် ၆ နှင့် ဗျာဒိတ် ၁၉ သည် သတို့သမီးတည်းဟူသော အသင်းတော်မှာ ဘုရားသခင်၏ ရန်သူကို ချေမှုန်းမည့် စစ်သူရဲလည်း ဖြစ်ကြောင်း ဖွင့်ပြထားသည်။
1. ဝိညာဉ်ဆိုင်ရာစစ်ပွဲမှာ ကိုယ်ခန္ဓာတော်၏ အကြောင်းအရာ ဖြစ်သည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏ စိတ်ဝင်စားမှုအတွက် စစ်ပွဲကို တိုက်ခိုက်မည့် စုပေါင်းထားသော စစ်တပ်ဖြစ်သည် - ၁၇း၁၄။ ၁၉း၁၄။ ညွှန်း၊ ၂တိ၊၂း၄။
2. ဖေက် ၅ ရှိ စကားမှာ သတို့သမီးကို လှပတင့်တယ်ခြင်းသို့ ဆောင်ယူပေးသော အာဟာရအတွက် ဖြစ်သည်၊ သို့သော် ဖေက် ၆ ရှိ စကားမှာ ဝိညာဉ်ဆိုင်ရာ စစ်ပွဲ၌ ပါဝင်မည့် စုပေါင်းထားသော စစ်သူရဲတည်းဟူသော အသင်းတော်က လုပ်ဆောင်မည့် သတ်ဖြတ်ခြင်းအတွက် ဖြစ်သည် - အငယ်၊၁၇-၁၈။
3. ခရစ်တော်သည် အာမဂေဒုန်အရပ်၌ အန္တိခရစ်ကို ဆန့်ကျင်တိုက်ခိုက်ရန် သူ၏ စစ်တပ်တည်းဟူသော သူ၏သတို့သမီးနှင့် အတူ စစ်သူကြီးအဖြစ် ကြွလာလိမ့်မည် - ဗျာ၊၁၉း၁၁-၂၁။
4. မင်္ဂလာဆောင် ဝတ်ရုံတည်းဟူသော - ကျွန်ုပ်တို့၏ နေ့စဉ် ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့မှ ရှင်ထွက်သော ခရစ်တော်သည် ကျွန်ုပ်တို့အား မင်္ဂလာဆောင်ပွဲကို တက်ရောက်စေရန်သာမက၊ အာမဂေဒုန်အရပ်ရှိ စစ်ပွဲ၌ အန္တိခရစ်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ ခရစ်တော်နှင့်အတူ စစ်တပ်တွင် ပါဝင်ရန်လည်း အရည်အချင်းပြည့်မီစေသည် - မ၊၂၂း၁၁-၁၂။ ဗျာ၊၁၉း ၇-၈၊ ၁၄။

## III. "ယေဟောဝါ၏ ဝမ်းမြောက်ခြင်းသည် သင်တို့၏ ခွန်အားဖြစ်၏" - နေ၊၈း၁၀။

A. နေဟမိ ၈း၁၀ အရ ကျွန်ုပ်တို့၏ သခင်ဘုရားကို ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ ခွန်အား ဖြစ်သည်။

1. ၎င်းမှာ ကျွန်ုပ်တို့၌ရှိသော ခွန်အား၏ အကြောင်းအရာမဟုတ်ပါ၊ ကိုယ်တော်၏ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ကို ထိန်းသိမ်းပေးသည် - ၁သက်၊၅း၁၆။
2. သခင်ဘုရားကို ဝမ်းမြောက်ခြင်းမှာ အခြေအနေများနှင့် မသက်ဆိုင်ပေ၊ ကိုယ်တော်သည် ဘုရားသခင်၏ အလိုတော်၌ ဝမ်းမြောက်ခဲ့သည်၊ ယင်းမှာ ဘုရားသခင်၏ အလိုတော်ကို သိခြင်းနှင့် လုပ်ဆောင်ခြင်း၌ ဝမ်းမြောက်ခြင်း ဖြစ်သည်။
3. ကျွန်ုပ်တို့သည် သခင်ဘုရားကို ပုံတူကူးရန် မကြိုးစားသင့်ဘဲ၊ သခင်ဘုရား၏ ဝမ်းမြောက်ခြင်းကို လက်ခံရရှိရမည်။
    a. ကျွန်ုပ်တို့၌ ကျွန်ုပ်တို့ထံသို့ ထည့်သွင်းပေးထားသည့် သခင်ဘုရား၏ တစ်စုံတစ်ရာ ရှိသည်။
    b. ကျွန်ုပ်တို့၌ သခင်ဘုရား၏ ဝမ်းမြောက်ခြင်း ရှိနိုင်သည်၊ ကိုယ်တော်၏ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ ခွန်အား ဖြစ်လိမ့်မည်ဖြစ်သည်။

B. အသက်တာ၏ အဆုံး၌ ဝေါ့ချ်မန်နီးက သူ၏ဒုက္ခဆင်းရဲများအလယ်တွင် "ကျွန်ုပ်သည် ကျွန်ုပ်၏ဝမ်းမြောက်ခြင်းကို စောင့်ထိန်းထားပါသည်"ဟု ပြောဆိုခဲ့သည် - Watchman Nee – a Seer of the Divine Revelation in the Present Age, p. 182.

C. *ကျွန်ုပ်သည် ကျွန်ုပ်၏ဝမ်းမြောက်ခြင်းကို စောင့်ထိန်းထားပါသည်* ဟူသည်မှာ သူသည် ဖိလိပ္ပိ ၄း၄ ၌ "သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့" ဟူသော တမန်တော် ပေါလု၏စကားကို လက်တွေ့ယူဆောင်ခြင်း ဖြစ်သည်။

D. ဘုရားသခင်၏ ကရုဏာတော်နှင့် ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ခွန်အားတည်းဟူသော သခင်ဘုရား၏ ဝမ်းမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းကို ထိန်းသိမ်းထားနိုင်ကြပါစေသော။

*© 2023 Living Stream Ministry*